# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

# ဥပဒေများ

## (၁၉၆၆ ခုနှစ်)

## ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၂၇ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၅ ရက်။
(၁၉၆၆ ခုနှစ်၊ ဧပြီလ ၅ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

# ၁၉၆၆ ခုနှစ်၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ် အက်ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၆ ခုနှစ်၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်အက်ဥပဒေ ပုဒ်မ ၈၄ တွင် ''ဘဏ္ဍာတော်နှစ်''ဆိုသည့် စကားရပ်အစား ''ဘဏ္ဍာရေးနှစ်'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၈၆ အစား၊ အောက်ပါကို ပုဒ်မ ၈၆ အဖြစ် ထည့်သွင်းရမည်။

''၈၆။ ။စိုက်ပျိုးရေးဘဏ်၏ဘဏ္ဍာရေးနှစ်သည်၊ အောက်တိုဘာလ ၁ ရက်နေ့မှ အစပြု၍၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည်။

ဘဏ္ဍာရေးနှစ်။

ခြွင်းချက်။ ။သို့ရာတွင် ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်းကြောင့် ကျန်ရှိနေသော လများအတွက် သီးခြားစာရင်းပိတ်ရမည်''။

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၇ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၅ ရက်။
(၁၉၆၆ ခုနှစ်၊ ဧပြီလ ၅ ရက်။)

အမိန့်အရ၊
ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။